# အသိပေးကြေညာချက် (၄ /၂၀၂၅)

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ( ၃၁ ) ရက်

၁။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်/ပါမစ်အပါအဝင် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို Myanmar Tradenet 2.0 စနစ်မှ ၂၄ နာရီ ၇ ရက်ပတ်လုံး လျှောက်ထားနိုင်ပြီး စနစ်မှ ပြန်လည်ခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ စနစ်အတွင်း သွင်းကုန်လိုင်စင်/ပါမစ်လျှောက်ထားမှုများ ဖောင်းပွမှုမရှိစေရေးအတွက် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ စတင်၍ စနစ်အတွင်းလျှောက်ထားသည့် လိုင်စင်/ပါမစ်လျှောက်လွှာများ၏ သက်တမ်းကို ရက်ပေါင်း ၁၈၀ သတ်မှတ်သွားမည်ဖြစ်ပါသည်။

၃။ လိုင်စင်များလျှောက်ထားရာတွင် ကုမ္ပဏီတစ်ခုလျှင် အမျိုးတူပစ္စည်းများဖြစ်ပါက ပြက္ခဒိန်တစ်လအတွင်း တစ်စောင်သာ လျှောက်ထားရန်နှင့် တစ်စောင်ကိုသာ အတည်ပြုခွင့်ပြုသွားမည်ဖြစ်ပါသည်။

၄။ လိုင်စင်/ပါမစ်လျှောက်လွှာသက်တမ်း ရက်ပေါင်း ၁၈၀ ကျော်လွန်သည့် လျှောက်ထားမှုများကို Myanmar Tradenet 2.0 စနစ်မှ ပယ်ဖျက်ခြင်း (Auto Cancel) ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**